# ACC Against COVID-19




## အစီအစဉ် (၇၄)

# "ကိုဗစ်-၁၉ နှင့်အတူ ပါလာမည့် အဂတိလိုက်စားမှုများကိုပါ တစ်ပြိုင်တည်း ဆန့်ကျင်တိုက်ဖျက်ကြပါစို့"

တင်ပြသူ

ဦးကျော်စွာ(လူ့အခွင့်အရေးကော်မရှင်)

ကိုဗစ်-၁၉ ကပ်ဘေးကာလတွင် အဂတိလိုက်စားမှုများ ပို၍ထူပြောလာသည်ဟု ဆိုကြသည်။ ဤကပ်ရောဂါက လူသားတို့၏ ကျန်းမာရေးနှင့် အသက်ရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်နေသည့် အပြင် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုများ တိုးပွားရှင်သန်လာစေဖို့ ရေခံမြေခံကောင်းများ ဖန်တီးပေးနေပြန်ရာ လူသားတို့အဖို့ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်နေရတော့သည်။





ကူးစက်ရောဂါ ကပ်ဘေး မတိုင်မီ အချိန်ကပင်၊ ကမ္ဘာတစ်ဝန်း ကျန်းမာရေး စောင့်ရှောက်မှု အတွက် နှစ်စဉ်အသုံးစရိတ် ၇.၃၅ ထရီလီယံဒေါ်လာရှိသည့် အနက် ခန့်မှန်းခြေ ဒေါ်လာ ၄၅၅ ဘီလီယံခန့်မှာ လိမ်လည်မှုနှင့် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံး နေရကြောင်း National Academy of Sciences အဖွဲ့ကြီးက ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ် အစီရင်ခံ စာတစ်စောင်တွင် ဖော်ပြခဲ့သည်။





ယခုအချိန်တွင် အစိုးရများအနေဖြင့် ကူးစက်ရောဂါကပ်ဘေးကို တွန်းလှန်ရန် အသုံးစရိတ်များကို မကြုံစဖူး အလောတကြီး တိုးမြှင့်သုံးစွဲနေကြရသည်ဖြစ်ရာ အဂတိလိုက်စားမှုနှင့် ငွေကြေးအလွဲသုံးစားပြုမှု အန္တရာယ်မှာ ဆတိုးမြှင့်တက်လာနေတော့သည်။ ကပ်ရောဂါကာလအတွင်း ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့်ဆက်နွယ်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ ဝယ်ယူရာတွင် အဂတိလိုက်စားမှုများရှိနေကြောင်း တွေ့ရှိရသည်။






ယခုကဲ့သို့ ကူးစက်ရောဂါကပ်ဘေးကာလတွင် အဂတိလိုက်စားမှုနှင့် ငွေကြေးအလွဲသုံးစားပြုမှုများ ကြောင့်အစိုးရ၏စွမ်းဆောင်ရည်ကိုလျော့ကျစေခြင်း၊ အသက်ဆုံးရှုံးမှုများ သိသိသာသာမြင့်တက်လာခြင်း၊ အရင်းအမြစ်များ လေလွင့်ဆုံးရှုံးခြင်းနှင့် လူ့အဖွဲ့ အစည်း၏ အစိုးရအပေါ် ရှိရင်းစွဲ ယုံကြည်မှုများ ကျဆင်းခြင်းတို့ကို ကြုံတွေ့လာနိုင်ပါသည်။ သို့ဖြင့် ကိုဗစ်-၁၉ အကြပ်အတည်းကာလတွင် အဂတိ လိုက်စားမှုများကို နိုင်နိုင်နင်းနင်း မကိုင်တွယ်နိုင်ပါ ကယင်းအကျိုးဆက်များသည် ကူးစက်ရောဂါထက် ပင် သက်ဆိုးရှည်ကြာ အမြစ်တွယ်နေနိုင်သည်ကို သတိပြုဖို့လိုပါသည်။

အစိုးရ၏ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်
ထိထိရောက်ရောက်စွမ်းဆောင်နိုင်မှုများ ခိုင်မာ
အားကောင်းစေရန် အရပ်ဖက်အဖွဲ့အစည်းများ၊
စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ
များနှင့် ငွေကြေးထောက်ပံ့ပေးမည့်ပုဂ္ဂိုလ်၊
အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရပါ
လိမ့်မည်။



## တာဝန်ခံမှု၊ တာဝန်ယူမှု ပိုမိုမြင့်တက်လာရေး




ပထမဦးစွာ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အစိုးရဋ္ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွင်းမှ အဂတိလိုက်စားမှုများကို သတင်းပေးဖော်ထုတ်မည့် အတွင်းလူများကို အကာအကွယ်ပေးရန်အတွက် အစိုးရကို ပူးပေါင်းတိုက်တွန်းကြရမည်ဟုဆိုသည်။ ရောဂါကပ်ဘေးအတွက် အရေးပေါ်ရန်ပုံငွေများ ချထားပေးရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအမံများကိုပါ ဘေးဆီးရန်ကာအဖြစ် ထည့်သွင်းဖော်ပြရေးအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးကို NGO အဖွဲ့အစည်းများက ပူးပေါင်းတိုက်တွန်းနေကြသည်ကိုလည်း ကြားသိနေရသည်။

## ပွင့်လင်းမြင်သာမှု ကတိကဝတ်

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကပ်ရောဂါကာလအတွင်း မျှတသော ဆက်ဆံရေး ကို ဆက်လက်စွဲကိုင်ထားရမည့်အပြင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို ထုတ်ဖော်ပြသကြရန် လိုအပ်ပါသည်။ ၎င်းတို့၏နာမည်ဂုဏ်သတင်းကို ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ဤနေရာတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် အစိုးရများထံမှ တာဝန်ခံမှုကို ပိုမိုရရှိစေရန် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။ သို့မှသာ အစိုးရ၏ ပျက်ကွက်မှုကြောင့် ဖြစ်လာသည့်အကျိုးဆက်များကို ကြိုတင်ကာကွယ်ရာရောက်ပေမည်။










ယခုကဲ့သို့အကြပ်အတည်းကာလအတွင်းတွင်
ကိုယ်ကျိုးရှာရန်၊ မလျော်မကန်ပြုမူဆောင်ရွက်ရန်နှင့်
အလွဲလွဲအမှားမှား ဆုံးဖြတ်ဆောင်ရွက်ရန်အတွက်
အခွင့်အလမ်းတွေက မနည်းမနော ရှိနေသည်။ သို့ဖြစ်ရာ
အစိုးရဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မလိုလားအပ်သည့်
ပြဿနာများကို ရှောင်ရှားနိုင်ဖို့ရာအတွက် ပွင့်လင်းသော
အစိုးရမိတ်ဖက်အဖွဲ့ (Open Government Partnership)
ကဲ့သို့သောအဖွဲ့အစည်းများမှတဆင့် အရင်းအမြစ်ရှာဖွေခြင်း၊
ချိတ်ဆက်ခြင်းများကိုလည်း ဆောင်ရွက်သင့်ပေသည်။

ကူးစက်ရောဂါအတွက် အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲနေရချိန်တွင် အစိုးရများ အနေဖြင့် အရေးပေါ်ပစ္စည်းများကို မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်းများ မရှိစေဘဲ၊ မြန်မြန်ဆန်ဆန် ဝယ်ယူနိုင်ရေးအတွက် ပွင့်လင်းသော ကန်ထရိုက်တာအသိုက်အဝန်းကလည်း နည်းလမ်းများကို အကြံပြုထားသည်ဖြစ်ရာ OGP ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။



# ပြောင်းလဲရမည့် ပရဟိတလုပ်ငန်း




အစိုးရများ၏ ကူးစက်ရောဂါတုန့်ပြန်မှုလုပ်ငန်းများ ပို၍ ထိထိရောက်ရောက် ဖြစ်စေရေးနှင့် အစိုးရလုပ်ငန်းလည်ပတ်မှုစနစ်များ ရေရှည်ခိုင်မာစေရေးအတွက် ပရဟိတ လုပ်ငန်းများမှ ငွေကြေးနှင့် လုပ်အားအရင်းအမြစ်များကို တစ်စုတစ်စည်းတည်း စီမံခန့်ခွဲသင့်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို အထောက်အကူပြုစေမည့် လုပ်ငန်းများနှင့် အစိုးရ၏တာဝန်ခံမှု၊ တာဝန်ယူမှု တိုးတက်စေရေးအတွက် ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။








ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် လူပေါင်း ၁ သန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သော်လည်း ကမ္ဘာသူ၊ ကမ္ဘာသားတို့အနေဖြင့် အစိုးရအပေါ် ယုံကြည်ချက်မျှော်လင့်ချက်ရှိနေဆဲပင်ဖြစ်သည်။ အဆိုပါ မျှော်လင့်ချက်၊ ယုံကြည်ချက်များ ပျောက်ဆုံးမသွားစေရေးအတွက် တစ်ဖက်တွင် ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် အားထုတ်ဆောင်ရွက်နေကြသလို၊ အဂတိတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း “ကျွဲကူးရေပါ” တစ်ပြိုင်တည်းဆောင်ရွက်သွားဖို့ လိုအပ်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

References:


1. Crossing the Global Quality Chasm: Improving Health Care,
   by National Academies of Sciences, Engineering and Medicine; Board on Healthcare Service.
2. Fraud's Impact on Healthcare during Covid-19.(Global survey on fraud and corruption, affecting health care systems during Covid-19 in April 2020)
3. Civil Society and the Coronavirus: Dynamism Despite Disruption by Saskia Brechenmacher, Thomas Carothers, Richard Youngs
4. Corruption is rife in the Covid-19 era. Here's how to fight back, by Tim Hanstad, CEO of the Chandler Foundation and Co-Founder, Landesa